Message Seven

## နေဟမိ-ဘုရားသခင်ထံသို့ ခေတ်ကာလဆိုင်ရာ အဖိုးထိုက်တန်သောသူ၏ စံနမူနာ

ဖတ်ရန်ကျမ်း။ ။ ဗျာ၊ ၁၂း၁-၁၄။ နေ၊ ၁း၁-၁၁။ ၂း၉-၂၀။ ၄း၄-၅၊ ၉။ ၅း၁၀၊ ၁၄-၁၉။ ၈း၁-၁၀။ ၁၃း၁၄၊ ၂၉-၃၁

**I. ဘုရားသခင်၏အလိုတော်မှာ ဤခေတ်ကို အဆုံးသတ်၍ နိုင်ငံတော်ခေတ်ကို ယူဆောင်လာရန် ဖြစ်သည်။ ဘုရားသခင်အဖို့ ဤအရာကို ပြီးမြောက်စေရန်အလို့ငှာ ကိုယ်တော်၌ ခေတ်ကာလဆိုင်ရာ တန်ဆာပလာရှိရမည်ဖြစ်သည်။**

A. ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားကို မျှော်ကြည့်ကာ၊ ဘုရားသခင်ထံသို့ ခေတ်ကာလဆိုင်ရာ အဖိုးထိုက်တန်ခြင်းရှိရန် ဆုတောင်းကြရမည်။ ကျွန်ုပ်တို့သည် ဤကာလအပိုင်းအခြားကို အဆုံးသတ်၍၊ နောက်လာမည့်ခေတ်၊ နိုင်ငံတော်ခေတ်ကို ယူဆောင်လာရန် ကျွန်ုပ်တို့ဘာလုပ်နေသနည်းဟု မိမိတို့ကိုယ်ကို မေးရန် လိုအပ်သည်။ ဤသည်မှာ အထူးဖြစ်သောအချိန်ဖြစ်သည်၊ သို့ဖြစ်၍ အထူးဖြစ်သောအလုပ်ကို လုပ်ဆောင်ရန် အထူးဖြစ်သော ယုံကြည်သူများကို လိုအပ်နေသည်။

B. "သွားပါ" ဟူ၍သာ ပြောတတ်ပြီး "လာပါ" ဟူ၍မပြောနိုင်သူများသည် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ပါ။ ယင်းမှာ သူတို့သည် ဘုရားသခင်အဖို့ ခေတ်ကာလဆိုင်ရာ အဖိုးတန်ခြင်း ရှိမည်မဟုတ်ပါ - ညွန်း၊ ဟေဗြဲ၊ ၁၀း၂၂။

1. ဟေဗြဲစာစောင်ရေးသားသူက ယုံကြည်သူများအား ရှေ့သို့သွားပါဟု မပြောဘဲ၊ ရှေ့သို့လာကြရန်သာ ပြောထားသည်။ ဤသည်မှာ စာရေးသူသည် အထူးဖြစ်သောတစ်နေရာတွင် ရှိနေခဲ့ပြီး၊ သူက စာဖတ်သူများအား သူရှိနေရာသို့ ရှေ့တိုးဝင်လာကြစေရန် အလိုရှိခဲ့သည်။

2. ကျွန်ုပ်တို့သည် အရာသုံးခုသို့ ရှေ့တိုးဝင်လာရန် လိုအပ်သည်၊ ယင်းတို့မှာ အသန့်ရှင်းဆုံးဌာနသို့၊ ကျေးဇူးတော်ပလ္လင်သို့၊ ဘုရားသခင်ကိုယ်တော်တိုင်ထံသို့ ဖြစ်သည်။ နောက်ဆုတ်ပြန်လှည့်မသွားပါနှင့် - ရှေ့တိုးဝင်လာပါ - အငယ်၊ ၂။ ၄း၁၆။ ၇း၂၅။ ၁၁း၆။

3. ဘုရားသခင်သည် ကျေးဇူးတော်ပလ္လင်ပေါ်တွင် ရှိပြီး၊ ကျေးဇူးတော်ပလ္လင်သည် အသန့်ရှင်းဆုံးဌာန၌ ရှိသည်။ ဟေဗြဲစာစောင်ကို ရေးသားသည့်အချိန်၌ စာရေးသူသည် အသန့်ရှင်းဆုံးဌာန၌ ရှိနေကာ၊ ဟေဗြဲယုံကြည်သူများအား ရှေ့တိုးဝင်လာရန် ခေါ်နေခြင်းဖြစ်သည်။

C. သားယောက်ျားကို ကောင်းကင်သို့ ချီဆောင်ခြင်း၊ စာတန်ကို မြေကြီးသို့ နှင်ချခြင်းနှင့် ကောင်းကင်၌ နိုင်ငံတော်တည်ပြီဟု ကြွေးကြော်ခြင်းတို့မှာ ဘုရားသခင်က သားယောက်ျားကို ရရှိခြင်းမှာ ကိုယ်တော်၏အကြီးမားဆုံးသော ခေတ်ကာလဆိုင်ရာ လှုပ်ရှားမှုဖြစ်သည်၊ အကြောင်းမှာ ၎င်းသည် အသင်းတော်ခေတ်ကို အဆုံးသတ်၍၊ နိုင်ငံတော်ခေတ်ကို မိတ်ဆက်ပေးသောကြောင့် ဖြစ်သည် - ဗျာ၊ ၁၂း၅၊ ၉-၁၀။ ၁၁း၁၅။

D. သားယောက်ျားကို ဘုရားသခင်၏ပလ္လင်တော်သို့ ချီဆောင်သွားခြင်းမှာ ရက်ပေါင်းတစ်ထောင်နှစ်ရာခြောက်ဆယ် မတိုင်မီ၊ ယင်းမှာ ဘေးဒဏ်ကြီးကာလ သုံးနှစ်ခွဲ (လေးဆယ့်နှစ်လ) အချိန် မတိုင်မီ ဖြစ်လိမ့်မည် - ၁၂း၁-၁၄။ ၁၃း၅။၁၁း၂။

E. ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် အများဆုံးလုပ်ဆောင်နိုင်သည့် အထူးအခွင့်အရေးကာလတွင် အသက်ရှင်နေကြသည်။ အလင်းဖြစ်သော ဘုရားသခင်သည် ကျွန်ုပ်တို့ကို လမ်းပြပေးလိမ့်မည်၊ သို့သော် ကျွန်ုပ်တို့၏ခွန်အားနှင့် တန်ခိုးဖြစ်သော ကိန်းဝပ်နေသည့် ခရစ်တော်က လမ်းကို လျှောက်လှမ်းရန် တတ်စွမ်းစေသည်။ ယခုပင် အသုံးပြုခံရန်အလို့ငှာ အလွန်ကြီးမားသည့် အဖိုးအခကို ပေးရမည်ဖြစ်သည် - ၃း၁၈။

**II. အသင်းတော်သည် ဘုရားသခင်၏အကြံအစည်တော်ကို မရယူခဲ့သောကြောင့် ဘုရားသခင်သည် ကိုယ်တော်၏အကြံအစည်တော်ကို ရယူကာ၊ ကိုယ်တော်တောင်းဆိုချက်ကို ပြည့်စုံစေမည့် အောင်မြင်သူတစ်စုကို ရွေးချယ်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ သားယောက်ျား၏ မူအလေ့အလာဖြစ်သည် - ၁၂း၁-၂၊ ၅၊ ၁၀-၁၁။ ၂း၇၊ ၁၁၊ ၁၇၊ ၂၆-၂၈။ ၃း၅၊ ၁၂၊ ၂၀-၂၁။**

A. စကြဝဠာဆိုင်ရာ တောက်ပသော မိန်းမသည် ဘုရားသခင့်လူများ၏ စုစုပေါင်းကို ကိုယ်စားပြုပြီး၊ အဆုံးစွန်အနေဖြင့် ကမ္ဘာဦး ၃း၁၅ ရှိ မိန်းမ၏မျိုးစေ့သည် သားယောက်ျားအားဖြင့် ပုံဆောင်သည့် ဘုရားသခင့်လူများ၏ အသန့်စွမ်းဆုံး အပိုင်းဖြစ်သော အောင်မြင်သောယုံကြည်သူများ ပါဝင်ရန် ကြီးမားကျယ်ပြန့်လာခဲ့သည် - ဗျာ၊ ၁၂း၁-၂၊ ၅၊ ၁၀-၁၁။

B. အသက်ပေးသောဝိညာဉ်တော်အဖြစ် ရှင်ပြန်ထမြောက်သောခရစ်တော်သည် မိန်းမ၏ အဆင်းသဏ္ဍာန်ပြောင်းလဲသော မျိုးဆက်၊ မိန်းမ၏မျိုးစေ့ဖြစ်ကာ၊ ကျွန်ုပ်တို့၌ မြွေ၏ခေါင်းကို ကြိတ်ရန် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပြီး၊ ကျွန်ုပ်တို့ကို မိန်းမ၏ စုပေါင်းထားသော မျိုးစေ့၊ အောင်မြင်သော သားယောက်ျားဖြစ်စေကာ၊ ယင်းမှာ ရှေးမြွေဟောင်းအပေါ် ဘုရားသခင်၏တရားစီရင်ခြင်းကို သယ်ဆောင်ရန်နှင့် ခေတ်ကာလကို ပြောင်းလဲမည့် ဘုရားသခင်၏ခေတ်ကာလဆိုင်ရာတန်ဆာပလာဖြစ်ပြီး၊ ဘုရားသခင်၏နိုင်ငံတော်ကို သယ်ဆောင်လာရန် ဖြစ်သည် - အငယ်၊၅။

C. ဆာလံ ၂း၈-၉၊ ဗျာဒိတ် ၂း၂၆-၂၇ နှင့် ဗျာဒိတ် ၁၂း၅ တို့မှာ ဘုရားသခင်၏ဘိသိက်ခံဖြစ်သော သခင်ယေရှု၊ အသင်းတော်များရှိ အောင်မြင်သောသူများနှင့် သားယောက်ျားတို့သည် လူမျိုးများကို သံလှံတံဖြင့်အုပ်စိုးမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် သခင်ယေရှု၊ အောင်မြင်သူများနှင့် သားယောက်ျားတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြောင်း သက်သေပြနေသည်။ ဦးဆောင်အောင်မြင်သောသူဖြစ်သော သခင်ဘုရား (၃း၂၁) သည် သားယောက်ျား၏ ဦးခေါင်းတော်၊ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် သဘောသဘာဝဖြစ်ပြီး၊ နောက်လိုက်အောင်မြင်သူများဖြစ်သည့် သားယောက်ျားသည် သခင်ဘုရား၏ကိုယ်ခန္ဓာတော်ဖြစ်သည်။

D. ကားတိုင်ပေါ် သခင်ဘုရား၏အသေခံခြင်းအားဖြင့် ရှေးမြွေဟောင်းဖြစ်သည့် စာတန်သည် တရားစီရင်ခြင်း၊ နှင်ထုတ်ခြင်းခံရသည် (ယော၊၁၂း၃၁။၁၆း၁၁)။ ထိုတရားစီရင်ခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းသည် သားယောက်ျားဖြစ်သည့် မိန်းမ၏စုပေါင်းထားသောမျိုးစေ့အဖြစ် အောင်မြင်သောသူများက အဆုံးစွန် သယ်ဆောင်ကာ၊ စီရင်ခြင်းပြုလိမ့်မည်ဖြစ်သည်။ အောင်မြင်သောယုံကြည်သူများက စာတန်ကို ဆန့်ကျင်တိုက်ခိုက်သည့် စစ်ပွဲသည် အမှန်မှာ သခင်ဘုရားက နောက်ဆုံးတွင် သူ့ကိုကောင်းကင်မှနှင်ထုတ်ခြင်းငှာ သူ့အပေါ် တရားစီရင်ခြင်းကို သယ်ဆောင်ခြင်းဖြစ်သည် (ဗျာ၊၁၂း၇-၉)။

E. သားယောက်ျားတွင် အသင်းတော်ကိုယ်စား ရပ်တည်သော၊ အသင်းတော်တစ်ခုလုံးက ယူဆောင်ရမည့် အနေအထားကို ယူဆောင်သော၊ အသင်းတော်အတွက် အလုပ်ကို လုပ်ဆောင်သော အောင်မြင်သောသူများဖြင့် ပါဝင်ပေါင်းစပ်ထားသည် - ၂း၇ခ၊ ၁၁ခ၊ ၁၇ခ၊ ၂၆-၂၈။ ၃း၅၊ ၁၂၊ ၂၁။ ၁၂း၅၊ ၁၁။

1. ဘုရားသခင်၏လူများအားလုံးသည် ကိုယ်တော်၏ထာဝရအကြံအစည်တော်၌ အစိတ်အပိုင်းဖြစ်သင့်သည်၊ သို့သော် အယောက်စီတိုင်းက မိမိတို့ ထမ်းဆောင်သင့်သည့် တာဝန်ကို မယူဆောင်ကြပေ။ ထို့ကြောင့် ဘုရားသခင်သည် သူတို့အလယ်တွင် လူတစ်စု - မိန်းမအားဖြင့် မွေးဖွားသည့် သားယောက်ျားကို ရွေးချယ်တော်မူသည်။
2. သမ္မာကျမ်းစာ၌ ဘုရားသခင့်လူများအလယ်တွင် ပို၍သန်စွမ်းသူများကို ဘုရားသခင်အတွက် စစ်ပွဲကို တိုက်ခိုက်ခြင်းနှင့် ဘုရားသခင်၏နိုင်ငံတော်ကို မြေကြီးသို့ ယူဆောင်လာသော စုပေါင်းထားသည့်ယူနစ်တစ်ခုအဖြစ် မှတ်ယူသည် - ဗျာ၊၁၂း၅၊ ၁၀-၁၁။
3. ဘုရားသခင်သည် သားယောက်ျားကို အသုံးပြု၍ ကိုယ်တော်၏စီမံကိန်းကို ပြည့်စုံစေခြင်း၊ ကိုယ်တော်၏အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေခြင်း ရှိမည်ဖြစ်သည် - ၁တိ၊၁း၄။ ၂တိ၊၁း၉။ ဧ၊၁း၁၉၊ ၁၁။ ၃း၁၁။
4. ဘုရားသခင်သည် ကိုယ်တော်၏ရန်သူကို နှိမ်နင်းရန်နှင့် ကိုယ်တော်၏နိုင်ငံတော်ကို ယူဆောင်လာရန် သားယောက်ျားကို လိုအပ်နေသည်၊ သို့မှသာ ကိုယ်တော်၏ထာဝရအကြံအစည်တော်သည် ပြီးမြောက်ပြည့်စုံနိုင်မည်ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ယနေ့ ဘုရားသခင့်စီမံကိန်း၏ လက်တွေ့ကျခြင်းဖြစ်ပြီး၊ ကိုယ်တော်၏စီမံကိန်းမှာ သားယောက်ျားအားဖြင့်သာ သယ်ဆောင်ခြင်းရှိနိုင်မည်ဖြစ်သည် - ဗျာ၊၁၂း၁၀။

F. သားယောက်ျားကို ချီဆောင်ခြင်းမှာ စာတန်အား ကောင်းကင်၌ သူ့နေရာမရှိတော့ရန်ဖြစ်စေသည့် အလှည့်အပြောင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ရန်သူအပေါ် ကိုယ်တော်၏တရားစီရင်ခြင်းကို စီရင်ဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်၏လိုအပ်ချက်ကို ပြည့်စုံစေဖို့ ချီဆောင်ခံရမည်ဖြစ်သည် - အငယ်၊၅၊ ၇-၁၀။

G. သားယောက်ျားကို စေ့စပ်ထုံးဖွဲ့ပါဝင်သူတို့မှာ ဘုရားသခင်၏ရန်ဘက်၊ စာတန်ဖြစ်သော မာရ်နတ် (အပြစ်တင်စွပ်စွဲသူ၊ လုပ်ကြံပြောဆိုသူ) အား အောင်မြင်ကြခြင်းမှာ သိုးသငယ်၏ အသွေးတော်ကြောင့်လည်းကောင်း၊ သူတို့၏သက်သေခံချက်စကားနှင့် သေသည့်တိုင်အောင် သူတို့၏စိတ်အသက်ကို မချစ်ခြင်းကြောင့်လည်းကောင်း ဖြစ်လေသည် - အငယ်၊၁၀-၁၁။

H. သားယောက်ျား၏ ဖြစ်ခြင်းတစ်ခုလုံးသည် ခရစ်တော်၏ ဒြပ်သဘာဝဖြင့် ပျော်ဝင်ပြည့်ဝခြင်းနှင့် စိမ့်ဝင်ပျံ့နှံ့ခြင်း ရှိသည်၊ အကြောင်းမှာ သူတို့သည် နေ့စဉ်တိုင်း သူတို့၏အတွင်းလူအထဲသို့ ခွန်အားဖြည့်သန်စွမ်းစေခြင်း ခံရသောကြောင့်ဖြစ်သည်၊ သို့မှသာ ခရစ်တော်သည် သူတို့၏စိတ်နှလုံးများအထဲသို့ ကိုယ်တော်ကိုယ်တိုင် တည်ဆောက်ခြင်းရှိကာ၊ သူတို့သည် စစ်၍ မကုန်နိုင်သော ခရစ်တော်၏ကြွယ်ဝခြင်းများဖြင့် ကျွေးမွေးမစခံရပြီး၊ ဘုရားသခင်၏လက်နက်စုံအဖြစ် ခရစ်တော်ကို ယူတင်ဝတ်ဆင်ခြင်း ရှိကြသည် - ဧ၃း၁၆-၁၈၊ ၈။ ဗ်း၁၀-၁၁။

**III. အစ္စရေးသည် နှစ်ပေါင်းခုနစ်ဆယ်လုံးလုံး ဖမ်းဆီးသိမ်းသွားခံရသောအခါ ဘုရားသခင်သည် စစ်မှန်သော အောင်မြင်သောသူဖြစ်သည့် နေဟမိကြောင့် ခေတ်ကာလဆိုင်ရာလှုပ်ရှားမှု ရရှိနေဆဲဖြစ်သည်။ သူသည် ဘုရားသခင်ထံသို့ ခေတ်ကာလဆိုင်ရာ အဖိုးတန်ခြင်းရှိသည့်သူ၏ စံနမူနာဖြစ်သည် - နေ၁း၁-၁၁။ ၂း၉-၂၀။ ၄း၄-၅၊ ၉။ ၅း၁၀၊ ၁၄-၁၉။ ၈း၁-၁၀။ ၁၃း၁၄၊ ၂၉-၃၁။**

A. နေဟမိစာစောင်ရှိ အရေးပါသည့်အချက်မှာ ယေရုရှလင်မြို့တော်ကို ၎င်း၏မြို့ရိုးနှင့်အတူ ပြန်လည်တည်ဆောက်ခြင်းသည် ဘုရားသခင်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ကိုယ်တော်၏သက်သေခံချက်အတွက် ကိုယ်တော်၏ရွေးချယ်ခံများအလယ် စဉ်ဆက်မပြတ် ပြန်လည်ရယူခြင်းနှင့် မြို့တော်အတွင်း ဘုရားသခင်၏အိမ်တော်အတွက် အကွယ်အကာနှင့် ခိုလှုံရာဖြစ်ခြင်းပင် ဖြစ်သည်။

1. ဤသည်မှာ မြေကြီးပေါ် ကိုယ်တော်ကိန်းဝပ်ရာနှင့် အိမ်ဖြစ်သည့် ဘုရားသခင်၏အိမ်တော်သည် ကိုယ်တော်၏စီမံကိန်းကို သယ်ဆောင်ရန် ကိုယ်တော်၏စီမံခန့်ခွဲခြင်းအတွက် မြေကြီးပေါ် ကိုယ်တော်၏စိတ်ဝင်စားမှုအား ကာကွယ်မည့် အဝန်းအဝိုင်းအဖြစ် ကိုယ်တော်၏နိုင်ငံတော် တည်ထောင်ခြင်းကို လိုအပ်ကြောင်း ပုံဆောင်သည် - ဆွန်း၊ ရော၊ ၁၄း၁၇။

2. ဘုရားသခင်၏အိမ်တော်ကို ပြန်လည်တည်ဆောက်ခြင်းမှာ ဘုရားသခင်က ကျဆင်းသွားသောအသင်းတော်အား ပြန်လည်ရယူခြင်းကို ပုံဆောင်၍၊ ယေရုရှလင်မြို့တော်၏ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းမှာ ဘုရားသခင်က နိုင်ငံတော်ကို ပြန်လည်ရယူခြင်းအား ပုံဆောင်သည်။ ဘုရားသခင်၏အိမ်တော် တည်ဆောက်ခြင်းနှင့် ကိုယ်တော်၏နိုင်ငံတော်သည် အတူတကွ သွားနေသည် - မ၁၆း၁၈-၁၉။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် သိနားလည်၍၊ မွေ့လျော်ဝမ်းမြောက်သောအခါ၊ ဘုရားသခင်၏ အိမ်တော်အဖြစ် အသင်းတော်ကို ရရှိကြသည်။ ကျွန်ုပ်တို့သည် ပို၍တက်လှမ်းပြီး၊ ကိုယ်တော်၏ဦးခေါင်းအရိုက်အရာကို သိနားလည်လာသောအခါ၊ အိမ်တော်သည် မြို့တော်၊ ဘုရားသခင်၏နိုင်ငံတော်ဖြစ်ရန် ကြီးမားကျယ်ပြန့်လာမည်ဖြစ်သည် - ဧ၁း၁၀၊ ၂၂-၂၃။ ၄း၁၅။ ဗျာ၂၂း၁။

C. နေဟမိစာစောင်က ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် မှန်ကန်သင့်လျော်သည့် တက်ကြွထက်သန်မှု လိုအပ်နေကြောင်း ပြသနေသည်။

1. မောဘအမျိုးနှင့် အမ္မုန်အမျိုး၏ခေါင်းဆောင်များသည် နေဟမိက အစ္စရေးအမျိုးသားတို့၏ ကောင်းကျိုးကိုရှာခြင်းအကြောင်းကြောင့် ကြီးစွာ စိတ်ပျက်ခဲ့ကြသည်။ လောတမှ ဆင်းသက်လာသည့် ဤမစင်ကြယ်သော မျိုးဆက်များက အစ္စရေးအမျိုးသားတို့ကို မုန်းတီးကာ၊ စက်ဆုပ်ရွံရှာခဲ့ကြသည် - နေ၂း၁၀၊ ၁၉။ ဆွန်း၊ ယေ၈၂၅း၃၊ ၈။

2. ဤဆန့်ကျင်သူများ၏ လှောင်ပြောင်ခြင်း၊ စက်ဆုပ်ရွံရှာခြင်းနှင့် အပြစ်တင်ဝေဖန်ခြင်းတို့နှင့် စပ်လျဉ်း၍ နေဟမိသည် သူရဲဘောကြောင်ခြင်းမရှိဘဲ၊ အလွန်စင်ကြယ်ကာ၊ တက်ကြွထက်သန်ခြင်း ရှိခဲ့သည် - နေ၂း၁၇-၂၀။ ၄း၁-၂၃။ ဆွန်း၊ တ၊၄း၂၉-၃၁။ ၁သက်၊၂း၂။ ၂တိ၊၁း၇-၈။

3. တက်ကြွထက်သန်သောသူများသည် ဘုရားသခင်ထံမှ ကူညီမစမှုကို ရရှိကြသည်။ နေဟမိကဲ့သို့ပင် တမန်တော်ပေါလုသည် ဘုရားသခင်နှင့်အတူ မဟာမိတ်ဖွဲ့ခြင်းရှိကာ၊ ဤမဟာမိတ်ဖွဲ့ခြင်း၌ ဘုရားသခင်၏လက်ထောက်ဖြစ်လာခဲ့သည် - တ၊၂၆း၂၁-၂၂။

4. နေဟမိ၏လူသားအပြုအမူရှိ ကောင်းမြတ်ခြင်းအဖြစ် သူ၏ တက်ကြွထက်သန်ခြင်းက ကျွန်ုပ်တို့၏ ဇာတိစွမ်းရည်၊ လုပ်နိုင်စွမ်းနှင့် ကောင်းမြတ်ခြင်းများသည် ကိုယ်တော်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်း၌ ဘုရားသခင်ထံသို့ အသုံး

ဝင်ခြင်းရှိရန် ခရစ်တော်၏ကားတိုင်ကို ဖြတ်ကျော်ရမည်၊ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ဝိညာဉ်တော်အထဲသို့ ခေါ်ဆောင်ခံရမည်ဖြစ်သည်။

D. နေဟမိသည် သူ၏ဇာတိလူ၌ အသက်ရှင်ခြင်းမဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ခဲ့ခြင်းဖြစ်သည်။ သူသည် တက်ကြွထန်သန်ခဲ့သည်၊ သို့သော် သူ၏တက်ကြွထက်သန်မှုမှာ အခြားဝိသေသလက္ခဏာများအားဖြင့် ပူးပေါင်းပါဝင်ခြင်းဖြစ်သည်။
   1. ဘုရားသခင်နှင့် သူ၏ဆက်နွှယ်ခြင်း၌ သူသည် ဘုရားသခင်ကို ချစ်သောသူဖြစ်ကာ၊ သန့်ရှင်းသောမြေ (ခရစ်တော်ကို ပုံဆောင်ခြင်း)၊ သန့်ရှင်းသောဗိမာန်တော် (အသင်းတော်ကို ပုံဆောင်ခြင်း)၊ သန့်ရှင်းသောမြို့တော် (ဘုရားသခင်၏နိုင်ငံတော်ကို ပုံဆောင်ခြင်း) အပါအဝင် မြေကြီးပေါ် ဘုရားသခင်၏စိတ်ဝင်စားမှုများကိုလည်း ချစ်ခဲ့သည် - ၁ဘုရင်၊၈း၄၈။ ညွှန်း၊ ၂တိ၊၃း၁-၅။
   2. ဘုရားသခင်ကိုချစ်သောသူအဖြစ် နေဟမိသည် မိတ်သဟာယဖွဲ့ခြင်း၌ ကိုယ်တော်ကို ဆက်သွယ်ရန် ဘုရားသခင်ထံ ဆုတောင်းခဲ့သည်။ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းအတွက် နေဟမိသည် ဘုရားသခင်၏စကားတော်အပေါ် ရပ်တည်ကာ၊ ၎င်းအတိုင်း ဆုတောင်းခဲ့သည် - နေ၊၁း၁-၁၁။ ၂း၄။ ၄း၄-၅၊ ၉။
   3. နေဟမိသည် ဘုရားသခင်၌ ကိုးစားကာ၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်လာခြင်းလည်း ရှိခဲ့သည်။ ရလဒ်အနေဖြင့် သူသည် ဘုရားသခင်၏ ကိုယ်စားပြုသူဖြစ်လာခဲ့သည် - ၅း၁၉။ ညွှန်း၊ ၂ကော၊၅း၂၀။
   4. လူများနှင့်အတူ ဆက်နွှယ်ခြင်း၌ နေဟမိသည် တစ်ကိုယ်ကောင်းဆန်ခြင်းမရှိ၊ မည်သည့်ကိုယ်ကျိုးရှာခြင်း သို့မဟုတ် အတ္တအကျိုးရှာခြင်းမျှ မရှိခဲ့ပေ။ သူသည် သူ၌ရှိသောအရာကို လူများအတွက်နှင့် တိုင်းပြည်အတွက် စွန့်လွှတ်ပူဇော်ရန် အမြဲပင် လိုလားဆန္ဒရှိခဲ့သည် - နေ၊၅း၁၀၊ ၁၄-၁၉။

E. မြို့ဝန်အဖြစ် နေဟမိသည် ရှင်ဘုရင်အနေအထား၌ရှိကာ၊ သူသည် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ခြင်း၌ ယေရုရှလင်မြို့၏ မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းအတွက် စင်ကြယ်သောစိတ်နှလုံးရှိသောလူတစ်ဦးဖြစ်သည်။ သူသည် ဘုရားသခင်၏လူများအလယ်ရှိ ဦးဆောင်သူ၌ရှိသင့်သည့်အရာ၏ စံနမူနာဖြစ်သည် - ညွှန်း၊ ၁တိ၊၃း၂-၇။ ၁ပေ၊၅း၁-၃။
   1. အစ္စရေးပြည်နှင့် ယုဒပြည်ရှိ များစွာသော ရှင်ဘုရင်များနှင့်မတူဘဲ၊ သူသည် တစ်ကိုယ်ကောင်းဆန်ခြင်းမရှိ၊ မိမိကိုယ်ကျိုးကိုမရှာဖွေ၊ လိင်မှုဆိုင်ရာတဏှာ၌ စိတ်အလိုလိုက်ခြင်းမရှိခဲ့ပေ။
   2. တပ်မှူးကြီးအနေဖြင့် နေဟမိသည် ရန်သူကို ဆန့်ကျင်တိုက်ခိုက်ရန် အသင့်ဖြစ်သောသူများအလယ်၌ ရှိခဲ့ကာ၊ ညကင်းစောင့်အရာတွင် ပါဝင်ကင်းစောင့်ခဲ့သည်။ သူသည် ဤအကြောင်းအရာများကို အခြားသူများထံ လက်လွှဲပေးခြင်းမရှိဘဲ၊ ၎င်းတို့၌ သူကိုယ်တိုင် ပါဝင်ဆက်နွှယ်ခဲ့သည် - နေ၊၄း၉-၂၃။
   3. သူနှင့် သူ၏ညီအစ်ကိုများသည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့် တစ်ဆယ့်နှစ်နှစ်ပတ်လုံး မြို့ဝန်အတွက် ခွဲခန့်ထားသည့် အစားအစာကို မစားသုံးခဲ့ကြပေ - ၅း၁၄-၁၅။
   4. သူသည် မည်သည့်လုပ်ခကိုမျှမယူဘဲ မြို့ရိုးတည်ဆောက်ခြင်းအလုပ်တွင် ပါဝင်ခဲ့သည်။ မိမိကိုယ်ကျိုးရှာမည့်အစား သူသည် မြို့ရိုးတည်ဆောက်ခြင်း ရည်ရွယ်ချက်အတွက် အခြားသူများကို ကျွေးမွေးခဲ့သည် - အငယ်၊၁၆-၁၈။

F. နေဟမိသည် အုပ်စိုးသူဖြစ်သော်လည်း၊ သူသည် ကိုယ်ကျိုးရည်မှန်းချက် လုံးလုံးလျားလျား မရှိခဲ့ပေ။ ဤအရာကို တိုင်းပြည်ပြန်လည်ထူထောင် စေ့စပ်ထုံးဖွဲ့ခြင်း၌ သူသည် ဘုရားသခင်၏လူများအား ဘုရား၏နှုတ်ကပတ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးဖို့ ဧဇရကို လိုအပ်ကြောင်း သူသိမှတ်နားလည်ခြင်းအချက်အားဖြင့် ညွှန်ပြထားသည် - ၈း၁-၁၀။ ဖိ၊၂း၃-၄။

G. နေဟမိသည် စုံလင်သော ခေါင်းဆောင်ဖြစ်ကာ၊ လူသားသမိုင်း၌ အကောင်းဆုံးသော ခေါင်းဆောင်နှင့် အသက်ကြီးသူတစ်ဦး၌ရှိသင့်သည့် အကောင်းဆုံးသော စံနမူနာဖြစ်သည်။ ကျွန်ုပ်တို့အဖို့၊ အထူးသဖြင့် အသင်းတော်များရှိ ဦးဆောင်သူများအဖို့ သူ၏စံနမူနာကို ဆင်ခြင်ကြရန် ထိုက်တန်ပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ခေတ်ကိုပြောင်းလဲစေရန် ဘုရားသခင်ကို အမြတ်ရယူခြင်းနှင့် အခြားသူများထံ ဘုရားသခင်ကို စီးဆင်းခြင်း၏ စံနမူနာဖြစ်နိုင်ကြပေမည် - နေ၊၅း၁၉။ ၁၃း၁၄။

*© 2022 Living Stream Ministry*